## တပ်မတော်၏စီးပွားရေးလုပ်ငန်းများပိတ်ဆို့သပိတ်မှောက်အရေးယူမှုများပြုလုပ်ရန်ထောက်ခံပံ့ပိုးခြင်း
### ကရင်အမျိုးသမီးအစည်းအရုံး၏သတင်းထုတ်ပြန်ချက်

၂၀၂၀ခုနှစ်၊ဖေဖော်ဝါရီလ၊၁ရက်။

တပ်မတော်စီးပွားရေးလုပ်ငန်းများ ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် ထောက်ခံသည့်အနေနှင့် ကရင်အမျိုးသမီးများအဖွဲ့အစည်းမှတောင်းဆိုသည်။ မြန်မာပြည်တွင်းရှိ ပြည်သူများသည် တပ်မတော်စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ထည်ပစ္စည်းများအားလုံးကို သပိတ်မှောက်သည့်အနေနှင့် ဝယ်ယူသုံးစွဲမှုမပြုရန်တောင်းဆိုပါသည်။ ထို နည်းအတူနိုင်ငံခြားရေးရာသံတမန်ဆိုင်ရာ သံရုံးများ၊ အလှူရှင်များသေချာမှုဖြစ်သော မိမိ၏ငွေများသည် တပ်မတော်စီးပွားရေး လုပ်ငန်းများထံသို့မရောက်ရှိစေနိုင်ရန်အတွက် ပေါ်လစီမူဝါဒကိုရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် တောင်းဆိုသည်။

ဆယ်စုနှစ်များတွင် ဗမာစစ်တပ်သည် ခိုင်ခံ့သည့်အာဏာနှင့်စီးပွားရေး လုပ်ငန်းကဏ္ဍ များအလိုက် ဩဇာလွှမ်းမိုးသက်ရောက်မှုမှ စီးပွားရေးအကျိုးအမြတ်များရယူနိုင်ခဲ့ သည်။ ကြီးမားသောနိုင်ငံတကာစီးစစ်မှုမှ မြန်မာအစိုးရနှင့်စစ်တပ် သည်လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းတင်ခံရသော်လည်း တည်ငြိမ်စွာဖြင့်ထိုက်ထိုက်တန်တန် အကျိုးအမြတ်များပြားစွာ ဝင်ငွေများဆက်လက်ရရှိနေသည်ကို လုံးဝလက်မခံပါ။

ကရင်ပြည်နယ်တွင်း၌ ဗမာစစ်တပ်၏စီးပွားရေးအတွက် တရားမဝင်လုပ်ရှားဆောင်ရွက်သည့်လုပ်ဆောင်ချက်မှ ဖြစ်ပေါ်ရရှိလာသည့်ရလဒ်သည် ကြီးမားကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကန့်အသတ်မရှိ လယ်မြေအတင်းအဓမ္မသိမ်းဆည်းမှုများ၊ လာဘ်ပေး လာဘ်ယူမှုနှင့်ခြိမ်းခြောက်မှုများ၊ မဆင်မခြင်လက်လွတ်စပယ်ဖြင့် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းအပါအဝင်ဖြစ်သည်။

ဇန်နဝါရီလ(၂၉)ရက်မှ ဖေဖော်ဝါရီလ(၁၁)ရက်နေ့အထိ( ကရင့်အမျိုးသားနေ့တွင်)၊ ဗမာစစ်တပ်သည်မူတရော်ခရိုင် မြို့နယ်ဒေသအတွင်း ရှိရွာများတွင် လက်နက်ကြီးမော်တာအလုံးပေါင်း(၁၂၆)လုံးကိုပစ်ချခဲ့သည်။ အပြစ်မဲ့ပြည်သူလူထု ပိုင်ဆိုင်သည့် လယ်ယာပေါင်း(၄၀) နေရာမက မီးရှို့ခဲ့သည့်စစ်သားများမှာလည်း တာဝန်ယူရန်လိုသည်။

လွန်ခဲ့သည့်အပတ်တွင် ကရင်အမျိုးသမီးအဖွဲ့အစည်းများ ကျင်းပပြုလုပ်သည့် "ကရင်အမျိုးသားနေ့"နေ့ထူးနေ့မြတ် ဂုဏ်ပြုပွဲအခမ်းအနားအချိန်အခါတွင် ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအရေးများ ဖော်ပြတောင်းဆို ခဲ့သော်လည်း လက်တွေ့အမြင်မှာပျက်ပြယ်လွယ်နိုင်သည့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့် ဗမာစစ်တပ်မှမသင့်လျော်သည့်ကျင့်ဝတ်ဆိုင်ရာ ကိုယ်ကျင့်တရားများ ဆက်လက်မြှုပ်နှံလှုပ်ရှားနေသ၍ ခရီးဝေးနှင့် သာ သွားနေရမည်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာလွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးအဖွဲ့မှရှာဖွေတွေ့ရှိသည့်အချက်အလက်နှင့် တပ်မတော်၏အကျိုးစီးပွား အတွက်စီးပွားရေးလုပ်ငန်းများပိတ်ဆို့အရေးယူရန်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤထုတ်ဝေခဲ့သည့်အကြောင်း အရာသည် ယနေ့နိုင်ငံတကာလူမှုအသိုင်းအဝိုင်းများက လစ်လျူရှုနေသည်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ သည် တပ်မတော်စီးပွားရေးလုပ်ငန်းများ လက်တွဲလုပ်ဆောင်နေကြသည့်အပေါ်တွင် ကျွန်ုပ်တို့၏နိုင်ငံတွင်းလူ့အခွင့်အရေးချိုးဖောက်ရန် ငွေကြေးအကူအညီ များပေးနေသည့်အတွက်ကြောင့်ဖြစ်သည်။

မြန်မာ-ယူခေအဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုမှ ထုတ်ဝေခဲ့သောသပိတ်မှောက်သည့်စာရင်းကို ကျွန်ုပ်တို့ကြိုဆိုသည်။ ဤအရာ သည်မြန်မာနိုင်ငံတွင်းကြီးမားသောဗမာတပ်မတော်၏ပါဝင်မှုနှင့် ဝန်ဆောင်မှုများ မြင်သာထင်သာဖော်ပြသည်။ သံရုံးများ၊ နိုင်ငံတကာအကူအညီပေးသည့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်မှုများ၊ အစိုးရမဟုတ်သည့်လူမှုအဖွဲ့အစည်းများနှင့် တစ်ဦးချင်းအနေနှင့်သော်၎င်း၊ကုန်ပစ္စည်းများကိုရှောင်ရှားမဝယ်ယူရန်နှင့် ဆက်နွယ်ချိတ်ဆက်မှုမပြုလုပ်ရန်အတွက် အရေးပါလွယ်ကူသည့်လုပ်ရပ်တစ်ရပ်ဖြစ်သည်ကို အသိအမှတ်ပြုစေချင်ပါသည်။

တပ်မတော်၏အကျိုးစီးပွားရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာဖိအားအပြင် ပြည်တွင်းဖိအားလုပ်ဆောင်ရန်လည်းလိုအပ်သည်။ တပ်မတော်စီးပွားရေးလုပ်ငန်းစဉ်မှထုတ်လုပ်သည့်ကုန်ပစ္စည်းများကို သပိတ်မှောက်ပိတ်ဆို့တားမြစ်ခြင်းသည် လက်တွေ့ကျကျလူတစ်ဦးချင်းလုပ်ဆောင်နိုင်သည့်နည်းတစ်ရပ်ဖြစ်၍ ဗမာ့တပ်မတော်ဝင်ငွေလျော့ချသည့်နည်းတ နည်းလည်းဖြစ်သည်။

**ဆက်သွယ်ရန်-**


KWO-ဒုဥက္ကဌ
နော်အဲလစ် (မြန်မာနှင့်ကရင်)ဘာသာ
ဖုန်း-၀၉၈-၈၁၄-၃၂၉၄

KWO-အထွေထွေအတွင်းရေးမှူး
နော်ကညောဖော (အင်္ဂလိပ်နှင့်ကရင်)ဘာသာ
ဖုန်း-၀၈၁-၀၂၉-၅၅၀၃